


ဥက္ကဋ္ဌ ဟင်နရီ ဘီ အိုင်ရင်းမှ
ပထမဥက္ကဋ္ဌအဖွဲ့ဝင်ပထမအတိုင်ပင်ခံ

# ဖြောင့်မတ်ခြင်းဖြင့်အသင့်ပြင်ဆင်ပါ။

“ကျွန်တော်တို့မျက်မှောက်ကာလဟာ ကျွန်တော်တို့မြင်ဖူးသမျှသော အကုသိုလ်ဒုစရိုက်၊ ဆိုးယုတ်ခြင်းနှင့် ကြီးမားတဲ့ အပြစ်အမျိုးမျိုးတို့ရဲ့ဆန့်ကျင်စခန်းချခံထားရတယ်” လို့ ကမ္ဘာပေါ်ရှိဘုရားသခင်၏ ပုရောဖက်ဖြစ်သောဥက္ကဋ္ဌသောမက်အက်စ်မွန်ဆွန်က ကြေငြာခဲ့တယ်။၁

ဒီစကားများကိုဥက္ကဋ္ဌမွန်ဆွန်ကလွန်ခဲ့သောနှစ်၅ဝကပြောခဲ့တယ်ဆိုတာသင်သိတဲ့အခါအံ့သြမိမလား။ ရှေးကမရှိခဲ့တဲ့ဆိုးညစ်မှုအမျိုးမျိုးကိုဆန့်ကျင်ပြီးကျွန်တော်တို့ကိုစခန်းချထားရင်ယနေ့မှာဆိုးယုတ်မှုကဘယ်လောက်များ ပိုပြီးကျွန်တော်တို့ကိုခြိမ်းခြောက်နေပြီလဲ။ ကျွန်တော်တို့ကောင်းဖို့အတွက် ဘုရားသခင်ကကျွန်တော်တို့ရဲ့သာသနာတော်ခေတ်မှာ “ကြည့်ရှုလော့။ ရန်သူများပေါင်းစည်းနေပြီ။” (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၃၈ ： ၁၂) ဟုကြေညာခဲ့တယ်။

ကျွန်တော်တို့ကမ္ဘာပေါ်မမွေးဖွားခင်ကျွန်တော်တို့အားလုံးအမှုထမ်းခဲ့တဲ့စစ်ပွဲစတင်ခဲ့တယ်။၂ ဒါဟာကမ္ဘာကိုမဖန်ဆင်းခင်ကစတင်ခဲ့တာဖြစ်တယ်။ ဒါဟာလွန်ခဲ့သောရှေးထောင်စုနှစ်များစွာက မြေကြီးသားဘဝမတိုင်ခင်နိုင်ငံတော်မှာ စတင်ခဲ့တာဖြစ်ပြီးအဲ့ဒီမှာစာတန်ကပုန်ကန်ပြီး “လူသား၏ ရွေးချယ်ခွင့်ကိုဖျက်ဆီးဖို့ရှာဖွေခဲ့တယ်။” (မောရှေကျမ်း ၄း၃)”

အဲ့ဒီမှာစာတန်စစ်ရှုံးပြီးသူ့ကို“မြေကြီးပေါ် သို့နှင်ချလိုက်တယ်” (ဗျာဒိတ်ကျမ်း ၁၂း၉)။ အဲ့ဒီမှာသူဟာ သူ့ရဲ့စစ်ပွဲကိုယနေ့ထိဆက်လက်လုပ်ဆောင်တယ်။ ဒီကမ္ဘာပေါ်မှာ“သူဟာ ဘုရားသခင်ရဲ့ သန့်ရှင်းသူတွေနဲ့စစ်ပွဲပြုလုပ်ပြီး သူတို့ကို လိမ်လည်ခြင်း၊ လှည့်စားခြင်း၊ ဖြားယောင်းခြင်းတို့နဲ့ဝန်းရံလွှမ်းခြုံထားတယ်။” (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၇၆ ： ၂၉)

သူဟာပုရောဖက်များနဲ့တမန်တော်များကိုဆန့်ကျင်တိုက်ခိုက်တယ်။ သူဟာကာမစင်ကြယ်ခြင်းဥပဒေနှင့် လက်ထပ်ထိမ်းမြားခြင်း၏သန့်ရှင်းမွန်မြတ်မှုကို ဆန့်ကျင်တိုက်ခိုက်တယ်။ သူဟာ ကောင်းမြတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် မွန်မြတ်ခြင်းတို့ကို ဆန့်ကျင်တိုက်ခိုက်တယ်။

ဒီလိုရန်သူကိုကျွန်တော်တို့ဘယ်လိုတိုက်ခိုက်မလဲ။ ကျွန်တော်တို့ရဲ့ကမ္ဘာကိုဝါးမြိုဖို့ရောက်လာတဲ့ ဆိုးယုတ်မှုကိုကျွန်တော်တို့ဘယ်လိုဆန့်ကျင်တိုက်ခိုက်မလဲ။ ကျွန်တော်တို့ရဲ့သံချပ်ကာဟာဘာလဲ။ ကျွန်တော်တို့နဲ့အတူဘယ်သူပူးပေါင်းမလဲ။

သိုးသူငယ်၏တန်ခိုးတော်

ကျွန်တော်တို့ခွင့်ပြုတဲ့အတိုင်းအတာလောက်သာစာတန်ဟာကျွန်တော်တို့အပေါ် အစွမ်းရှိတယ်လို့ ပုရောဖက်ဂျိုးဇက်စမစ်ကသင်ကြားခဲ့တယ်။၃

ယနေ့ကျွန်တော်တို့ရဲ့ခေတ်ကိုကြည့်ပြီး နီဖိုင်းက “သိုးသူငယ်အသင်းတော်၏သန့်ရှင်းသူများနှင့် မြေမျက်နှာပြင်အနှံ့ကွဲပြားနေသော ဘုရားသခင်၏ပဋိညာဉ်ဖွဲ့ထားသူများအပေါ် ဆင်းသက်လာသော ဘုရားသခင်၏သိုးသူငယ်တန်ခိုးတော်ကို ကြည့်ရှုလော့။ သူတို့သည်ဖြောင့်မတ်ခြင်းနှင့်ဘုရားသခင်၏ တန်ခိုးတော်ဖြင့် အသင့်ပြင်ဆင်ထားကြသည်။” (နီဖိုင်းပထမစာစောင် ၁၄း၁၄ အလေးပေး၍ပေါင်း ထည့်ထားသည်။)

ကျွန်တော်တို့ဖြောင့်မတ်ခြင်းနှင့်တန်ခိုးတော်ဖြင့်မိမိတို့ကိုယ်ကိုဘယ်လိုပြင်ဆင်မလဲ။ ကျွန်တော်တို့ဥပုသ်နေ့ကို သန့်ရှင်းစေပြီး ယဇ်ပုရောဟိတ်အခွင့်အာဏာကိုရိုသေလေးစားရမယ်။ မွန်မြတ်သောပဋိညာဉ်များကိုပြုလုပ်ပြီး စောင့်ထိန်းရမယ်။ မိသားစုသမိုင်းကိုပြုလုပ်ပြီးဗိမာန်တော်တက်ရောက်ရမယ်။ ကျွန်တော်တို့စည်ဆက်မပြတ်နောင်တရပြီး “ကျွန်တော်တို့ရဲ့အပြစ်တွေမှခွင့်လွှတ်ခြင်းရရှိရန်ခရစ်တော်၏အပြစ်ဖြေပေးသော အသွေးတော်ကို အသုံးပြုဖို့” ဘုရားသခင်ထံတောင်းလျှောက်ရမယ် (မိုဇိုယ ၄း၂)။ ကျွန်တော်တို့ ဆုတောင်းရမယ်။ အစေခံရမယ်။ သက်သေခံရမယ်။ ယေရှုခရစ်တော်၌ယုံကြည်ခြင်းကျင့်သုံးရမယ်။

“အသက်နှင့်ယှဉ်သောစကားတော်ကိုကျွန်တော်တို့စိတ်နှလုံးထဲမှာတန်ဖိုးထား”တဲ့အခါ (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၈၄ ： ၈၅) ကျွန်တော်တို့ဖြောင့်မတ်ခြင်းနှင့်တန်ခိုးတော်ဖြင့်မိမိတို့ကိုယ်ကိုပြင်ဆင်နိုင်တယ်။ မြင့်မြတ်သောကျမ်းစာချက်များနှင့် လာမယ့်လအထွေထွေညီလာခံတွင်ဘုရားသခင်၏အလိုတော်၊ စိတ်သဘော နှင့်အသံတော်တို့ကိုဝေမည့်ဘုရားသခင်ရွေးကောက်တော်မူသောအစေခံများ၏စကားတော်တို့၌ မိမိကိုယ်ကို နှစ်မြုပ်ထားခြင်းဖြင့်ထိုစကားတော်များကိုကျွန်တော်တို့ တန်ဖိုးထားကြတယ်။ (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၆၈ ： ၄)

ဆိုးယုတ်မှုကိုဆန့်ကျင်တဲ့ ကျွန်တော်တို့တိုက်ပွဲမှာကန်လန်ကာဘေးတစ်ဖက်တစ်ချက်ဆီမှ အကူအညီကို ရရှိတယ်ဆိုတာကိုကျွန်တော်တို့အမြဲသ

တိရရမယ်။ ထာဝရအဖဘုရားသခင်၊ သခင်ယေရှုခရစ်တော်နဲ့ သန့်ရှင်းသောဂိညာဉ်တော်ဟာကျွန်တော်တို့ဘက်မှာပါရှိတယ်။

ကျွန်တော်တို့အဖွဲ့မှာမမြင်နိုင်သောကောင်းကင်ဘုံမှစစ်တပ်လည်းပါဝင်တယ်။ "မစိုးရိမ်နှင့်။"ဟု ဧလိရှဲက ဆိုးယုတ်သောစစ်တပ်ကိုရင်ဆိုင်နေရသည့်ကြောက်လန့်နေသောလူငယ်တစ်ယောက်ကို ပြောပြီး "ငါတို့ဘက်၌ နေသောသူတို့သည် ရန်သူတို့ဘက်၌ နေသောသူတို့ထက်သာ၍ များကြသည်" ဟုပြောခဲ့တယ်။ (ဓမ္မရာဇဝင်စတုတ္ထစောင် ၆း၁၅-၁၆ ကိုကြည့်ပါ။)

ကျွန်တော်တို့စိုးရိမ်ဖို့မလိုပါဘူး။ ဘုရားသခင်ကသူ့ရဲ့သန့်ရှင်းသူများကိုချစ်ပါတယ်။ သူကျွန်တော်တို့ကိုဘယ်တော့မှပစ်ပယ်ထားမှာမဟုတ်ပါဘူး။

ဘုရားသခင်ကဆုတောင်းချက်ကိုအဖြေပေးတဲ့အခါ ဆိုးယုတ်ခြင်းမှကျွန်တော့်ကိုကယ်တင်ဖို့ကျွန်တော့်ရဲ့ အသနားခံမှုကိုဖြည့်ဆည်းပေးတယ်ဆိုတာကျွန်တော်သိပါတယ်။ အဖဘုရားသခင်၊ လောက၏ကယ်တင်ရှင်နဲ့ သန့်ရှင်းသော ဂိညာဉ်တော်ရဲ့အကူအညီဖြင့် ကျွန်တော်တို့ရင်ဆိုင်နေရတဲ့မည်သည့်ဆိုးယုတ်မှု့ရဲ့ တွန်းအားပေးမှုကိုမဆို တွန်းလှန်ဖို့ကျွန်တော်တို့ကိုလုံလောက်တဲ့တန်ခိုးထက်ပိုပြီးပေးမယ်ဆိုတာ ကျွန်တော်သက်သေခံပါတယ်။

ကျွန်တော်တို့ဖြောင့်မတ်ခြင်းဖြင့်အစဉ်အသင့်ပြင်ကြပါ။ ဒါမှအဆုံးမှာအောင်မြင်ခြင်းရမယ်ဆိုတာ ကျွန်တော်တို့ စိတ်ချယုံကြည်နိုင်တယ်။

မှတ်ချက်များ

၁. သောမက် အက်စ် မွန်ဆွန် "Correlation Brings Blessings," ဂရုဏာအဖွဲ့မဂ္ဂဇင်း၊ ဧပြီလ ၁၉၆၇၊ ၂၄၇။
၂. "We Are All Enlisted," ဓမ္မသီချင်း အမှတ်-၂၅၀
၃. အသင်းတော်ရှိဥက္ကဋ္ဌများ၏သွန်သင်ချက်များ၊ ဂျိုးဇက်စမစ် (၂၀၀၇)၊ ၂၁၄ ကိုကြည့်ပါ။

---

ဤသတင်းကောင်းမှသွန်သင်ချက်

ဥက္ကဋ္ဌအိုင်ရင်းကဆိုးယုတ်မှုကိုဆန့်ကျင်တဲ့စစ်ပွဲကိုကျွန်တော်တို့ဆင်နွှဲနေတယ်လို့ကျွန်တော်တို့ကိုသတိပေးထားပါတယ်။ "ကျွန်တော်တို့အားလုံးအမှုထမ်းနေတယ်" (ဓမ္မသီချင်း အမှတ်-၂၅၀) ကိုဆိုပြီးသင်တို့အစပြုနိုင်တယ်။ ပြီးရင် ဖြောင့်မတ်ခြင်းအားဖြင့်သူတို့ကိုဘယ်လိုကာကွယ်ပေးခဲ့လဲဆိုတာကိုဝေငှဖို့သူတို့ကိုဖိတ်ခေါ်နိုင်ပြီး အပြုသဘောဆောင်သော လူထုဆက်သွယ်ရေး(မီဒီယာ) ကိုရွေးချယ်ခြင်း၊ မိသားစုတိုင်ပင်အစည်းအဝေး ကျင်းပခြင်း (သို့မဟုတ်) မိသားစုအိမ်တွင်းညနေဝတ်ပြုခြင်း စတဲ့စာတန်ကိုဆန့်ကျင်ပြီးသူတို့ရဲ့မိသားစုကို ကာကွယ်ဖို့ နည်းလမ်းတွေကို စဉ်းစားအဖြေရှာနိုင်တယ်။ မိသားစုခံတပ်များကိုဘယ်လိုခိုင်ခံ့စေမလဲဆိုတာ ဆုတောင်းပြီးစဉ်းစားချင့်ချိန်ရန်သူတို့ကိုစိန်ခေါ်ပြီး သူတို့ရဲ့အတွေးအခေါ်များကိုအကောင်အထည်ဖော်ရန် အစီအစဉ်ဖန်တီးဖို့ သူတို့ကိုအားပေးနိုင်တယ်။

## လူငယ်များ

### ကျွန်မဆုံးဖြတ်ပြီးပြီ

မက်ဒဆန် သွန်ဆန်မှ

ကျွန်မတစ်ခါကလူငယ်အမျိုးသမီးအတန်းမှာ မေထုန်သံဂါသသန့်ရှင်းစင်ကြယ်ခြင်း နဲ့ပတ်သက်သော တန်ဖိုးရှိတဲ့သင်ခန်းစာတစ်ခုကိုရရှိခဲ့တယ်။ ဒါကလူငယ်တော်တော်များများကိုသက်တောင့်သက်သာမရှိစေတဲ့ သင်ခန်းစာခေါင်းစဉ်ဖြစ်တယ်။ အဲ့ဒီနေ့ကသင်ယူခဲ့ရတာတွေ အားလုံးကိုတော့ကျွန်မမှတ်မိတော့ပါဘူး။ ဒါပေမယ့် ကျွန်မရဲ့ဦးဆောင်သူကသူမရဲ့ကိုယ်ပိုင်ထားရှိတဲ့ စံနှုန်းတစ်ခုဖြစ်တဲ့ မေထုန်သံဂါသသန့်ရှင်းစင်ကြယ်ခြင်းအမြဲထိန်းသိမ်းဖို့ ကိုပြောပြတာ ကျွန်မသေချာမှတ်မိတယ်။ သူမရဲ့စကားတွေကိုကျွန်မမှတ်မိနေခဲ့ပြီး ဒီအရာကိုကျွန်မရဲ့ ကိုယ်ပိုင်တန်ဖိုးတစ်ခုနေနဲ့ခံယူဖို့သတိရှိရှိဆုံးဖြတ်ချက်ချခဲ့တယ်

တစ်နေ့မှာကျွန်မအားကစားပွဲကအိမ်ကိုအပြန်ဘတ်စ်ကားစီးနေစဉ် ကားပေါ်ကတစ်ယောက်က "မှန်မှန်ပြော ရဲရဲလုပ်" ဂိမ်းတစ်ခုကိုစတင်လိုက်တယ်။ ကလေးတစ်ချို့နဲ့ကျွန်မလည်းပျင်းတာနဲ့ဝင်ပါခဲ့တယ်။ ကျွန်မအလှည့်ရောက်တဲ့အခါ မမှန်ကန်တဲ့အရာကိုလုပ်ဖို့ကျွန်မကိုခိုင်းတယ်။ ဒါကိုလုပ်ဖို့ကျွန်မအတွက်ခက်ခဲတဲ့ဆုံးဖြတ်ချက်တစ်ခုဖြစ်ခဲ့တယ်။ ဒါပေမယ့် ကျွန်မရဲ့လူငယ်အမျိုးသမီးခေါင်းဆောင်ရဲ့စကားတွေကျွန်မခေါင်းထဲကို ဝင်လာပြီးရွေးချယ်ဖို့လွယ်သွားတယ်။ ကျွန်မမြန်မြန်ပဲငြင်းဆိုလိုက်တယ်။ အဲ့ဒီအခြေအနေမှာ ကျွန်မဘာလုပ်မလဲဆိုတာ ကျွန်မစိတ်ကိုကျွန်မပြင်ဆင်ပြီးနေပြီ။

ကျွန်မတို့ဘုရားကျောင်းသွားတဲ့အခါ ကျွန်မတို့ကိုသင်ကြားပေးလိုက်တဲ့အရာများအတွက်နေရာထားထားရင် ကြီးမားတဲ့ဂိညာဉ်ခွန်အားနဲ့ လောကရဲ့ဖြားယောင်းသွေးဆောင်မှုများမှကာကွယ်ခြင်း ကောင်းကြီးတွေကျွန်မတို့ရမှာဖြစ်တယ်။

## ကလေးများ

### သင်၏ ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပါ။

ယနေ့ကမ္ဘာပေါ်မှာဆိုးသောအရာများအများကြီးရှိတယ်။ ဧဝံဂေလိတရားတော်ကဒိုင်းလွှားလိုပဲကျွန်မတို့ကို ကာကွယ်ပေးတယ်။ ဥက္ကဋ္ဌအိုင်ရင်းပြောတဲ့ကျွန်မတို့ကိုယ်ကိုယ်ကိုကာကွယ်ရန်ပြုလုပ်ရမယ့်အချက် ၁၀ချက်ကို ဖတ်ပါ။ ထို့နောက်သင့်ရဲ့ကိုယ်ပိုင်ဒိုင်းလွှားတစ်ခုကိုရေးဆွဲပြီးအရောင်ချယ်ပါ။

၁။. ဥပုသ်နေ့ကိုသန့်ရှင်းစေပါ။

၂။. ယဇ်ပုရောဟိတ်အခွင့်အာဏာကိုလေးစားပါ။

၃။. ပဋိညာဉ်များပြု၍စောင့်ထိန်းပါ။

၄။. မိသားစုသမိုင်းလုပ်ဆောင်ပါ။

၅။. ဗိမာန်တော်သို့သွားပါ။

၆။. နောင်တရပါ။

၇။. ဆုတောင်းပါ။

၈။. သူတစ်ပါးကိုအစေခံပါ။

၉။. သင့်ရဲ့သက်သေခံချက်ကိုဝေငှပါ။

၁၀။. ကျမ်းစာဖတ်ပါ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၃ ၀၀၀ အားဘာသာပြန်ထားခြင်း။

ယုံကြည်ခြင်း မိသားစု သက်သာမှု

# ယေရှုခရစ်တော်နှင့်သူရဲ့အပြစ်ဖြေခြင်း၏တတ်စွမ်းနို

*ဒီအကြောင်းအရာကိုဆုတောင်းလေ့လာပြီး ဝေမျှရမယ့်အရာကိုသိဖို့လမ်းညွှန်ချက်အတွက်ရှာဖွေပါ။ ဂရုဏာအဖွဲ့ရဲ့ရည်ရွယ်ချက်ကိုနားလည်မှုက ဘုရားရဲ့သမီးများကိုထာဝရအသက်ကောင်းကြီးအတွက် ဘယ်လိုပြင်ဆင်လဲ။*

"ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့်ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်၏။" (ဖိလိပ္ပိ ၄း ၁၃)။ "ကျွန်တော်တို့အားလုံးမှာအားနည်းချက်တွေရှိသော်လည်း ကျွန်တော်တို့ထိုအရာများကိုကျော်လွှားနိုင်တယ်" လို့ပထမဥက္ကဋ္ဌအဖွဲ့ဝင်ဒုတိယအတိုင်ပင်ခံ ဥက္ကဋ္ဌဒီရက်တာ အက်ဖ် ဥဒ့ေါ ကပြောတယ်။ "တကယ်တော့ဘုရားသခင်ရဲ့ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့ကိုယ့်ကိုယ်ကိုနှိမ့်ချပြီး ယုံကြည်ခြင်းရှိရင် အားနည်းသောအရာများ သန်စွမ်းလာနိုင်သည်။"၁

"သင်တို့ရှေ့မှာငါသွားမည်။ သင်တို့၏လက်ယာဘက်၊ လက်ဝဲဘက်တွင်ငါရှိမည်။ ငါ၏ဝိညာဉ်တော်သည် သင်တို့၏နှလုံးသားထဲတွင်ရှိပြီး သင်တို့ကို မစချီပင့်ရန်ငါ၏ကောင်းကင်တမန်တော်တို့သည်သင်တို့ကို ဝန်းရံနေမည်။" (ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၈၄ း ၈၈)

"နီဖိုင်းက ကယ်တင်ရှင်ရဲ့တတ်စွမ်းနိုင်သောတန်ခိုးတော်ကိုသိရှိ၊ နားလည်ပြီး အားကိုးတဲ့ ပုံသက်သေဖြစ်တယ်။" လို့ တမန်တော်၁၂ပါးအဖွဲ့ဝင် အယ်လ်ဒါဒေးဗစ် အေ ဘတ်နာကပြောတယ်။ နီဖိုင်း၏အကိုများကသူ့ကို ကြိုးများဖြင့်ချည်နှောင်ပြီး သူ့ကိုဖျက်ဆီးရန်ကြံစည်ခဲ့ကြတယ်။ ကျေးဇူးပြု၍နီဖိုင်းရဲ့ဆုတောင်းချက်ကိုသတိပြုပါ။ "အိုအရှင်ဘုရား၊ သခင့်အပေါ်၌ထားရှိသောကျွန်ုပ်၏ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်အစ်ကိုများ၏လက်မှကျွန်ုပ်ကို ကယ်တင်ပေးမူပါ။ ကျွန်ုပ်ကိုချည်နှောင်ထားသောဤကြိုးများကိုဖြတ်နိုင်ဖို့ကျွန်ုပ်ကိုခွန်အားပေးပါ။" (နီဖိုင်း ၇း၁၇၊ အလေးပေး၍ပေါင်းထည့်ထားသည်။)

"…နီဖိုင်းကသူ့ရဲ့အခြေအနေပြောင်းလဲပေးဖို့မဆုတောင်းခဲ့ပါဘူး။ သူ့ရဲ့အခြေအနေကိုပြောင်းလဲနိုင်ဖို့ ခွန်အားအတွက်သာဆုတောင်းခဲ့တာဖြစ်တယ်။ နောက်ပြီး သူကအပြစ်ဖြေခြင်း၏တတ်စွမ်းနိုင်သော တန်ခိုးတော်ကို သိရှိ၊ နားလည်ပြီး တွေ့ကြုံခဲ့တာကြောင့် ဒီအတိုင်းပြုမူပြီးဆုတောင်းခဲ့တယ်လို့ ကျွန်တော်ယုံကြည်တယ်။

"နီဖိုင်းကိုချည်နှောင်ထားတဲ့ကြိုးတွေကသူ့ရဲ့လက်နဲ့လက်ကောက်ဝတ်မှမျက်လှည့်ဆန်ဆန်ကျသွားတယ်လို့ ကျွန်တော်မထင်ပါဘူး။ သူဟာဇွဲလုံ့လနှင့် ပင်ကိုယ်စွမ်းရည်ထက်ကျော်လွန်တဲ့ကိုယ်ပိုင်ခွန်အား ကိုကောင်းကြီးခံစားရတယ်လို့ကျွန်တော်ထင်တယ်။ နောက်ပြီး ဘုရားသခင်၏ခွန်အားဖြင့် (မိုဇိုင်းယား ၉း၁၇) သူလုပ်ဆောင်ကာ ကြိုးတွေကိုလိမ်ပြီးအားစိုက်ဆွဲပြီးနောက်ဆုံးမှာတကယ်ပဲကြိုးတွေကိုဖြတ်တောက် နိုင်ခဲ့တယ်။"၂

### ထပ်၍ပေါင်းထည့်ထားသောကျမ်းချက်များနှင့်သတင်းအချက်အလက်များ

ဟေရှာယ ၄၁း၁၀၊ အီသာ ၁၂း၂၇
reliefsociety.lds.org

မှတ်ချက်များ
၁။. ဒီရက်တာ အက်ဖ် ဥဒ့ေါ၊ "The Gift of Grace," လီယာဟိုနာ၊ မေလ ၂၀၁၅၊ ၁၀၈
၂။. ဒေးဗစ် အေ ဘတ်နာ၊ "Strength beyond Our Own," နယူး အယ်ရာ၊ မတ်လ ၂၀၁၅၊ ၄။

### ဒါကိုစဉ်းစားဆင်ခြင်ပါ။

ယေရှုခရစ်တော်နှင့်သူရဲ့အပြစ်ဖြေခြင်း၏တတ်စွမ်းနိုင်သောတန်ခိုးတော်က ကျွန်တော်တို့ရဲ့အားနည်းခြင်းကို သန်စွမ်းစေဖို့ဘယ်လိုကူညီနိုင်လဲ။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက်၆/၁၆၊ ၉၇၉၂၃ ၀၀၀ အားဘာသာပြန်ထားခြင်း။